ဤသည် ဖရ်ဿ်ွဆွလာသ်တိုင်း၏နောက်တွင်ရွတ်ဖတ်ရသော

ဇိက်ရ်တော်များဖြစ်ပြီး ယင်းဇိက်ရ်တော်များအား

ဖရ်ဿ်ွဆွလာသ်တိုင်း၏နောက်တွင် ရွတ်ဖတ်သူသည်

ဆုံးရှုံးမည်မဟုတ်။ ယင်းဇိက်ရ်တော်မှာ စွဗ်ဟာနလ္လာဟ်၃၃ကြိမ်၊ အလ်ဟမ်ဒုလိလ္လာဟ် ၃၃ကြိမ်၊ အလ္လာဟ်အက္ကဗရ်၃၄ကြိမ်တို့ဖြစ်သည်။

ကအ်ဗင်န် အုဂ်ျရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ဤသည်
ဖရ်ဿ်ွဆွလာသ်တိုင်း၏နောက်တွင်ရွတ်ဖတ်ရသော ဇိက်ရ်တော်များဖြစ်ပြီး
ယင်းဇိက်ရ်တော်များအား ဖရ်ဿ်ွဆွလာသ်တိုင်း၏နောက်တွင် ရွတ်ဖတ်သူသည်
ဆုံးရှုံးမည်မဟုတ်။ ယင်းဇိက်ရ်တော်မှာ စွဗ်ဟာနလ္လာဟ် ၃၃ကြိမ်၊ အလ်ဟမ်ဒုလိလ္လာဟ်
၃၃ကြိမ်၊ အလ္လာဟ်အက္ကဗရ် ၃၄ကြိမ်တို့ဖြစ်သည်။
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဇိက်ရ်အချို့နှင့်စပ်လျဉ်း၍အသိပေးမိန့်ကြားထားသည်မှာ ယင်းဇိက်ရ်များအား ရွတ်ဖတ်သူသည် ဆုံးရှုံးမှုလည်းမရှိ၊ဝမ်းနည်းမှုနည်းမရှိသည့်အပြင် ဤဇိက်ရ်တော်များအတွက် ကုသိုလ်လည်း ရရှိမည်ဖြစ်သည်။ယင်းဇိကရ်တော်များအား ဖရ်ဿ်ွဆွလာသ်၏နောက် တွင် တစ်ခုပြီးတစ်ခု ရွတ်ဆိုရပေသည်။ဇိက်ရ်တော်မှာ - စွဗ်ဟာနလ္လာဟ် ၃၃ကြိမ်။ အလိုသဘော - အလ္လာဟ်အရှင်မြတ်သည်ချွတ်ယွင်းမှုအပေါင်းမှ ကင်းရှင်းတော်မူသည်။ အလ်ဟမ်ဒုလိလ္လာဟ် ၃၃ကြိမ်။ အလိုသဘော - အလ္လာဟ်အရှင်မြတ်သည် အလွန်ပြည့်ဝသော အရှင်ဖြစ်ကြောင်းကိုချစ်မြတ်နိုး၍အလေးအမြတ်ထားကာ ပြောဆိုခြင်း။ အလ္လာဟ်အက္ကဗရ် ၃၄ကြိမ်။ အလိုသဘော - အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းထက် အလွန်ပင်ကြီးမားတော်မူသောအရှင်၊ဂုဏ်သိက္ခာအရှိဆုံးသော အရှင်ဖြစ်တော်မူပေသည်။

https://sunnah.global/hadeeth/my/show/6259